စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၄/ ၂၀၂၃)                ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၃) ရက်

| ၃ -၈ -၂၀၂၃ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၂၉၄.၅ |
| စင်္ကာပူဒေါ်လာ | ၁၅၆၄.၂ |
| စတာလင်ပေါင် | ၂၆၅၈.၀ |
| ဂျပန်ယန်း (၁၀၀) | ၁၄၆၈.၈ |
| တရုတ်ယွမ် | ၂၉၂.၆၇ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၉.၀၄ |
| အိန္ဒိယရူပီး | ၂၅.၃၈၈ |
| ကိုရီးယားဝမ် (၁၀၀) | ၁၆၁.၅၁ |
| မလေးရှား ရင်းဂစ် | ၄၆၀.၈၈ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၈၄၅ |
| ထိုင်းဘတ် | ၆၀.၆၃၂ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၈၃၈၄ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ဆီအုန်းစိုက်ပျိုးမှု တိုးမြှင့်ရန် ပြည်နယ်အစိုးရနှင့် ဆီအုန်းကုမ္ပဏီများက ဩဂုတ် ၁၂ ရက်အထိ ကြီးမားသော အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ

➢ အိန္ဒိယနိုင်ငံ၏ လက်ဖက်ခြောက်ထွက်ရှိမှုမှာ ဇွန်လတွင် ကီလိုဂရမ် ၁၃၇.၈၅ သန်းသာရှိခဲ့ပြီး ၃.၇ ရာခိုင်နှုန်း ကျဆင်းခဲ့

➢ အိန္ဒိယနိုင်ငံတွင် ခရမ်းချဉ်သီးဈေးနှုန်းသည် မကြာမီ ၁ ကီလိုဂရမ်လျှင် ၃၀၀ ရူပီး (၁၀၀၀၀ ကျပ်) ခန့်ထိ မြင့်တက်လာဖွယ်ရှိ

➢ ရုရှားသည် ဆန်နှင့် ဂျုံ ပြတ်လပ်မှုနှင့် ရင်ဆိုင်ရနိုင်ပါသလား

- **အထွေထွေသတင်းများ**

➢ ဆဌမအကြိမ် တရုတ်နိုင်ငံတကာသွင်းကုန် ကုန်စည်ပြပွဲသည် ပါဝင်ပြသသူများအတွက် စံချိန်တင်နိုင်ရန် မျှော်လင့်ထား

➢ တရုတ်နိုင်ငံသည် အသေးစားနှင့် အငယ်စားစီးပွားရေးလုပ်ငန်းများအား ချေးငွေအထောက်အပံ့ပေးခြင်းနှင့် အခွန်လျှော့ချပေးခြင်းတို့ကို ထပ်မံသက်တမ်းတိုး

➢ အိန္ဒိယ ဗဟိုဘဏ် (Reserve Bank of India) သည် ရုရှားဘဏ်များ၏ အကောင့်ဖွင့်လှစ်ရန် လျှောက်လွှာ ၃၄ ခုကို ခွင့်ပြုခဲ့

## ဆီအုန်းစိုက်ပျိုးမှု တိုးမြှင့်ရန် ပြည်နယ်အစိုးရနှင့် ဆီအုန်းကုမ္ပဏီများက ဩဂုတ် ၁၂ ရက်အထိ ကြီးမားသော အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ

အိန္ဒိယနိုင်ငံတွင်း ဆီအုန်းစိုက်ပျိုးသည့် ဧရိယာများ တိုးမြှင့်လာစေရန်အတွက် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများကို ပြည်နယ်အစိုးရများနှင့်အတူ ဩဂုတ်လ ၁၂ ရက်အထိ ကြီးမားသော အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအစီအစဉ်တွင် ဆီအုန်းစိုက်ပျိုးသည့် အဓိက ပြည်နယ်များဖြစ်သည့် Andhra Pradesh၊ Telangana၊ Tamil Nadu၊ Odisha၊ Karnataka၊ Goa၊ Assam၊ Tripura၊ Nagaland၊ Mizoram နှင့် Arunachal Pradesh တို့ ပါဝင်မည်ဖြစ်ကြောင်းနှင့် ယခုအစီအစဉ်ကို ဇူလိုင်လ ၂၅ ရက်နေ့တွင်စတင်ခဲ့ပြီး ဩဂုတ်လ ၁၂ ရက်အထိ ဆောင်ရွက်သွားမည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ဆီအုန်းစိုက်ပျိုးခြင်းကို ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် စတင်ဆောင်ရွက်ခဲ့သည့် စားသုံးဆီအတွက် အမျိုးသားရေးရည်မှန်းချက် – စားအုန်းဆီ (National Mission for Edible Oils– Oil Palm) ၏ ဗဟိုစီမံချက်အောက်တွင် အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ယင်းရည်မှန်းချက်အရ ဆီအုန်းထုတ်လုပ်မှုဧရိယာကို ဟက်တာ ၁၀ သိန်းအထိ တိုးမြှင့်ရန်နှင့် စားအုန်းဆီကြမ်း ထုတ်လုပ်မှုကို 2025–26 ခုနှစ်တွင် တန်ချိန် 11.20 သိန်းအထိ တိုးမြှင့်သွားရန် ရည်မှန်းထားကြောင်း သိရှိရပါသည်။ ယခုစီမံကိန်းတွင် အဓိက ဆီအုန်းထုတ်လုပ်သည့် ကုမ္ပဏီသုံးခုဖြစ်သည့် Patanjali Food Pvt Ltd၊ Godrej Agrovet နှင့် 3F တို့သည် သက်ဆိုင်ရာတောင်သူများနှင့် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါသည်။

ဝန်ကြီးဌာန၏ပြောကြားချက်အရ အရှိန်အဟုန်ဖြင့် ဆီအုန်း စိုက်ပျိုးမှုများကို Andhra Pradesh၊ Telangana၊ Tamil Nadu၊ Odisha၊ Goa နှင့် Karnataka ပြည်နယ်တို့တွင် ဩဂုတ်လ ၈ ရက်အထိ ဟက်တာ 7,000 ရောက်ရှိအောင်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဓိကအားဖြင့် Andhra Pradesh နှင့် Telangana ပြည်နယ်တို့တွင် ဟက်တာ 6,500 လွှမ်းခြုံနိုင်အောင် ရည်မှန်းချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အာသံ၊ Arunachal Pradesh၊ Tripura၊ မီဇိုရမ်နှင့် နာဂလန်း ကဲ့သို့သော အရှေ့မြောက်ပိုင်းဒေသ ပြည်နယ်များတွင် ဆီအုန်းစိုက်ပျိုးမှုကို ဩဂုတ် ၁၂ ရက်အထိ အရှန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဧရိယာ ၇၅၀ ဟက်တာကျော် လွှမ်းခြုံမှုရှိစေမည်ဖြစ်ကြောင်း၊ အာသံ အစိုးရသည် ခရိုင်ရှစ်ခုတွင် ဩဂုတ်လ ၅ ရက်အထိ ဧရိယာ ၇၅ ဟက်တာကို ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံနိုင်ရန် ရည်မှန်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် Arunachal Pradesh ပြည်နယ်သည် ခရိုင် ၆ ခုတွင်

Agribusiness & Trade

ဟက်တာ ၇၀ဝ နီးပါး လွှမ်းခြုံနိုင်ရန် ရည်ရွယ်ထားကြောင်း ဝန်ကြီးဌာနက ပြောကြားထားကြောင်း သိရှိရပါသည်။

Source: State govts, oil palm firms launch mega drive till Aug 12 to increase oil palm cultivation, The Economic Times,

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

……………………………………………………………………

## အိန္ဒိယနိုင်ငံ၏ လက်ဖက်ခြောက်ထွက်ရှိမှုမှာ ဇွန်လတွင် ကီလိုဂရမ် ၁၃၇.၈၅ သန်းသာ ရှိခဲ့ပြီး ၃.၇ ရာခိုင်နှုန်း ကျဆင်းခဲ့

အိန္ဒိယနိုင်ငံ၏ ယခုနှစ်ဇွန်လအတွင်း လက်ဖက်ခြောက်ထုတ်လုပ်မှုသည် ကီလိုဂရမ် ၁၃၇.၈၅ သန်းသာရှိရာ ၂၀၂၂ ခုနှစ် အလားတူကာလတွင် ထုတ်လုပ်နိုင်မှုဖြစ်သည့် ကီလိုဂရမ် ၁၄၃.၁၂ သန်းနှင့် နှိုင်းယှဉ်ပါက ကျဆင်းသွားခဲ့ကြောင်းနှင့် လက်ဖက်ဘုတ်အဖွဲ့ (Tea Board) ၏ ယာယီအချက်အလက်များအရ လက်ဖက်ထုတ်လုပ်နိုင်မှု ပမာဏမှာ ၂၀၂၃ ခုနှစ်၊ ဇွန်လတွင် ၃.၇ ရာခိုင်နှုန်းခန့် ကျဆင်းသွားကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ဒေသအလိုက်လက်ဖက်စိုက်ပျိုးမှုတွင် အိန္ဒိယနိုင်ငံမြောက်ပိုင်းသည် တစ်လအတွင်း ကီလိုဂရမ် ၁၀၉.၇၀ သန်း ထုတ်လုပ်ခဲ့ပြီး အိန္ဒိယနိုင်ငံတောင်ပိုင်းဒေသတွင် ထုတ်လုပ်မှုပမာဏမှာ ကီလိုဂရမ်၂၈.၁၅ ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံမြောက်ပိုင်း အာသံပြည်နယ်တွင် ၂၀၂၃ ခုနှစ် ဇွန်လတွင် ကီလိုဂရမ် ၆၃.၅၁ သန်း ထုတ်လုပ်ခဲ့ပြီး ပြည်နယ်၏ ထုတ်လုပ်မှုသည် ယခင်အလားတူကာလတွင် ၇၅ ဒသမ ၁၆ သန်း ကီလိုဂရမ်ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ အခြားအဓိကထုတ်လုပ်သူဖြစ်သည့် အနောက်ဘင်္ဂေါ ပြည်နယ်သည် ယခုနှစ်ဇွန်လတွင် လက်ဖက် ကီလိုဂရမ် ၄၂.၆၄ သန်း ထုတ်လုပ်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဇွန်လ အလားတူကာလတွင် ထုတ်လုပ်ခဲ့သည့် ကီလိုဂရမ် ၄၀.၄၂ သန်းနှင့် နှိုင်းယှဉ်ပါက အနည်းငယ်ပိုမို ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

အိန္ဒိယ လက်ဖက်အသင်း (Indian Tea Association – ITA) ၏ သတင်းရင်းမြစ်များအရ လက်ဖက်ထုတ်လုပ်မှုပမာဏကျဆင်းရခြင်းမှာ ရာသီဥတုအခြေအနေနှင့် ဥယျာဉ်များတွင် ပိုးမွှား ဖျက်ဆီးမှုများကြောင့်ဖြစ်သည်ဟု သိရှိရပါသည်။

Source: Tea production drops 3.7 per cent to 137.85 million kg in June, The Economic Times.

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

## အိန္ဒိယနိုင်ငံတွင် ခရမ်းချဉ်သီး ဈေးနှုန်းသည် မကြာမီ ၁ ကီလိုဂရမ်လျှင် ၃၀၀ ရူပီး (၁၀၀၀၀ ကျပ်) ခန့်ထိ မြင့်တက်လာဖွယ်ရှိ

မီးဖိုချောင်သုံး အဓိကသီးနှံဖြစ်သည့် ခရမ်းချဉ်သီးသည် မကြာမီတွင် ၁ ကီလိုဂရမ်လျှင် ၃၀၀ ရူပီး ခန့်ထိ မြင့်တက်လာနိုင်သည်ဟု လက်ကားကုန်သည်များထံမှ သိရှိရပါကြောင်း၊ စိုက်ပျိုးရေး ထုတ်ကုန်ရောင်းချရေးကော်မတီ ( Agricultural Produce Marketing Committee – APMC) အဖွဲ့ဝင် Kaushik က PTI သတင်းဌာနသို့ ပြောကြားချက်များအရ ခရမ်းချဉ်သီးဈေးနှုန်းမှာ လက်ကားဈေးတွင် တစ်ကီလိုလျှင် ၁၆၀ ရူပီးမှ ၂၂၀ ရူပီးအထိ ဈေးတက်ခဲ့ကြောင်းနှင့် Mother Dairy သည် ၎င်း၏ Safal လက်လီစတိုးဆိုင်များတွင် ဗုဒ္ဓဟူးနေ့က ခရမ်းချဉ်သီးကို တစ်ကီလိုဂရမ်လျှင် ၂၅၉ ရူပီးဖြင့် စတင်ရောင်းချခဲ့သည်ဟု သိရှိရကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

အဓိက စိုက်ပျိုးသောဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရောင်းလိုအား ပြတ်တောက်မှုများဖြစ်ပေါ်နေပြီး ခရမ်းချဉ်သီးဈေးနှုန်းများ ဖိအားများရင်ဆိုင်နေရသည်မှာ တစ်လကျော်ရှိပြီဖြစ်ကြောင်း၊ Himachal Pradesh ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျမှုများကြောင့် ဟင်းသီးဟင်းရွက် သယ်ယူပို့ဆောင်ရေးမှာ အခက်အခဲများ ကြုံနေရပါကြောင်း၊ တောင်သူများထံမှ ဟင်းသီးဟင်းရွက် တင်ပို့ရာတွင် ပုံမှန်ထက် ၆ နာရီမှ ၈ နာရီ ပိုကြာမြင့်သဖြင့် ခရမ်းချဉ်သီးဈေးမှာ ၁ ကီလိုဂရမ်လျှင် ၃၀၀ ရူပီးခန့်အထိ ရောက်ရှိလာနိုင်သည်ဟု နယူးဒေလီမြို့ရှိ Azadpur Mandi ဟင်းသီးဟင်းရွက်လက်ကားဈေးမှ ကုန်သည်တစ်ဦးဖြစ်သူ Sanjai Bhagat က PTI သတင်းဌာနသို့ပြောကြားထားကြောင်းလည်း သိရှိရပါသည်။

ဇူလိုင်လ ၁၄ ရက်မှစတင်ပြီး အစိုးရမှ ထောက်ပံ့သည့်နှုန်းများဖြင့် ခရမ်းချဉ်သီးကို ရောင်းချစေခြင်းဖြင့် ဈေးနှုန်းတည်ငြိမ်ရေးကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် ဈေးနှုန်း အနည်းငယ်ကျဆင်းခဲ့သော်လည်း ဈေးကွက်အတွင်း ခရမ်းချဉ်သီးရှားပါးလာမှုကြောင့် ဈေးနှုန်းများ ပြန်လည်မြင့်တက်ခဲ့ကြောင်း၊ APMC အဖွဲ့ဝင် Anil Malhotra ၏ ပြောကြားချက်များအရ ခရမ်းချဉ်သီးဈေးကွက်ဝင်ရောက်မှုနှင့် ဝယ်လိုအားနှစ်ခုလုံးသည် ဈေးကွက်တွင် နည်းပါးနေပြီး ရောင်းချသူများမှာ အခက်အခဲများစွာနှင့် ရင်ဆိုင်နေရကြောင်း၊ ဟင်းသီးဟင်းရွက်တင်ပို့မှုနောက်ကျခြင်း၊ အရည်အသွေးကျဆင်းခြင်းစသည့် အခက်အခဲများနှင့်လည်း ကြုံတွေ့နေရပါကြောင်း၊ ထို့အပြင် စားသုံးသူများသည် ဈေးနှုန်းကြီးမြင့်မှုကြောင့် ခရမ်းချဉ်သီး၊ ငရုတ်သီး၊ ပန်းဂေါ်ဖီနှင့် ဂေါ်ဖီထုပ် ကဲ့သို့သော ဟင်းသီးဟင်းရွက်ဝယ်ယူမှုများ ကျဆင်းလျက်ရှိသည်ဟု သိရှိရပါသည်။

Agribusiness & Trade

စားသုံးသူရေးရာဝန်ကြီးဌာန၏ အချက်အလက်များအရ ဇူဒ္ဓဟူးနေ့တွင် ခရမ်းချဉ်သီး လက်လီဈေးသည် တစ်ကီလိုလျှင် ၂၀၃ ရူပီး သာရှိသော်လည်း Mother Dairy ၏ Safal လက်လီဆိုင်များတွင်မူ ဈေးနှုန်းမှာ တစ်ကီလိုလျှင် ၂၅၉ ရူပီးဖြင့် ရောင်းချလျှက်ရှိကြောင်းနှင့် အာရှ၏ အကြီးဆုံး သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ဈေးကြီးဖြစ်သည့် Azadpur mandi တွင် ခရမ်းချဉ်သီးလက်ကားဈေးသည် အရည်အသွေးပေါ်မူတည်၍ တစ်ကီလိုလျှင် ရူပီး ၁၇၀ မှ ၂၂၀ အထိ ဖြစ်ပေါ်လျက်ရှိကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံ၏ ခရမ်းချဉ်သီး ဈေးနှုန်းသည် မတ်လ နှင့် ဧပြီလ တို့တွင် ၁ ကီလိုဂရမ်လျှင် ၃၀ ရူပီး ခန့်သာရှိရာမှ အချိန်အခါမဟုတ် မိုးရွာသွန်းမှုများကြောင့် အထွက်နှုန်းလျော့နည်းခြင်းနှင့် ယခု မိုးရာသီစိုက်ပျိုးချိန်တွင်လည်း ရာသီဥတုဖောက်ပြန်မှုများနှင့် ထောက်ပံ့ပို့ဆောင်မှု အခက်အခဲများကြောင့် ဈေးနှုန်းမှာ အရှိန်အဟုန်ဖြင့် မြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် အိန္ဒိယအစိုးရအနေဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိစေရန် ထောက်ပံ့မှုများ ဆောင်ရွက်ပေးသကဲ့သို့ ဈေးကွက်အတွင်းပုတ်သိုးလွယ်သည့် အသီးအနှံများ လေလွင့်ဆုံးရှုံးမှုလျော့နည်းစေရန်နှင့် အရည်အသွေး ထိန်းသိမ်းနိုင်ရန်အတွက် အအေးခန်းသိုလှောင်ရုံများ ပိုမိုတိုးချဲ့နိုင်ရေးနှင့် သယ်ယူပို့ဆောင်ရာတွင်လည်း အအေးခန်းကုန်သေတ္တာများဖြင့် ပို့ဆောင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါသည်။ မြန်မာနိုင်ငံ အနေဖြင့်လည်း မမျှော်မှန်းနိုင်သော ရာသီဥတုဖောက်ပြန်မှုများနှင့် ကြုံတွေ့လာရပါက အခြေခံစားသောက်ကုန်များ၏ ဈေးနှုန်းတည်ငြိမ်မှုရှိစေရေး၊ ယင်းကုန်စည်များ၏ အရည်အသွေးထိန်းသိမ်းနိုင်ရေး၊ လေလွင့်ဆုံးရှုံးမှုလျော့ နည်းစေရေးနှင့် ကြာရှည်သိုလှောင်နိုင်ရေးတို့အတွက် နည်းလမ်းများရှာဖွေ၍ ရေရှည်စီမံကိန်းများချမှတ် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

Source: Get ready to pay Rs 300 per kilogram for tomato, soon, The Economic Times,

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Agribusiness & Trade

## ရုရှားသည် ဆန်နှင့် ဂျုံ ပြတ်လပ်မှုနှင့် ရင်ဆိုင်ရနိုင်ပါသလား

အိန္ဒိယအစိုးရသည် ဇူလိုင်လကုန်ပိုင်းတွင် ဘတ်စမာတီဆန်မှလွဲ၍ အခြားသော ဆန်အမျိုးအစားများအား ပြည်ပသို့ တင်ပို့ခြင်းကို တားမြစ်ခဲ့ပါသည်။ အယ်နီညိုဖြစ်စဉ်အပြင် ဇူလိုင်လတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ဆန်စပါးစိုက်ခင်းများ ပျက်စီးခဲ့ရသဖြင့် အိန္ဒိယသည် ၎င်း၏ ပြည်တွင်းဈေးကွက်တွင် ဆန်အလုံအလောက်ရှိစေရန် တားမြစ်ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။ အိန္ဒိယ

သည် ကမ္ဘာ့ဆန်တင်ပို့မှု၏ ၄၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသော နိုင်ငံတစ်နိုင်ငံဖြစ်ခြင်းကြောင့် ရုရှားနိုင်ငံသည် မကြာမီတွင်  ဆန်နှင့် ဂျုံပြတ်လပ်မှုနှင့် ဈေးနှုန်းမြင့်တက်မှုတို့ကို ဖြစ်ပေါ်စေသည့် စိုးရိမ်မှုများ မြင့်တက်လျက်ရှိပါသည်။

ရုရှားနိုင်ငံသားများသည် နှစ်စဉ် ဆန်တန်ချိန် ၁ သန်း စားသုံးကြပြီး ထိုအထဲမှ တန်ချိန် ၂၀၀,၀၀၀ ခန့်သည် ဆန်လုံးရှည်များဖြစ်ကြောင်း ရုရှားကောက်ပဲသီးနှံသမဂ္ဂဥက္ကဋ္ဌ Mr. Arkady Zlochevsky က ပြောကြားခဲ့သည်။ ရုရှားနိုင်ငံ၌ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိသည့် ဆန်လုံးရှည်သည် အိန္ဒိယမှ တင်သွင်းလျက်ရှိပြီး လက်ရှိတွင် အိန္ဒိယသည် ဘာစမာတီအမျိုးအစား ဆန်လုံးရှည်တင်ပို့မှုကို ကန့်သတ်ထားခြင်းမရှိပေ။ သို့သော် ရုရှားနိုင်ငံသည် ဆန်လုံးတိုကိုသာ ပြည်တွင်း၌ အဓိကစားသုံးကြပြီး ပြည်ပပို့ကုန်အတွက်ပါ လုံလောက်မှုရှိကြောင်း၊ ယခုနှစ်တွင် ဆန်တန်ချိန် ၁.၁ သန်းခန့် အထိထုတ်လုပ်နိုင်ရန် စီစဉ်ထားကြောင်း Zlochevsky မှ ပြောကြားထားသည်။

ရုရှားနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာနကလည်း အလားတူ ခန့်မှန်းချက်ကို ကိုးကားသုံးသပ်ထားပါသည်။ ထို့အပြင် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်တွင်းဈေးနှုန်းများ တည်ငြိမ်စေရန်အတွက် ရုရှားအစိုးရက ဆန်နှင့် ဆန်လုံးညို တင်ပို့မှုကို ၂၀၂၃ ခုနှစ် နှစ်ကုန်အထိ ကန့်သတ်ထားပြီးဖြစ်ပါသည်။

ရုရှားဈေးကွက်တွင် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လအတွင်း ပျမ်းမျှဆန်ဈေးနှုန်းမှာ ၃.၁ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ယခင်နှစ်ထက် ၀.၁ ရာခိုင်နှုန်းပိုမိုကျဆင်းခဲ့ပါကြောင်း၊ ဂျုံဈေးနှုန်းများမှာ ယခုနှစ်အစောပိုင်းနှင့်ယှဉ်လျှင် ၄၃ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့သည့်အတွက် ရုရှားနိုင်ငံရှိ ကောက်ပဲသီးနှံဈေးကွက်၏ ဈေးနှုန်းအခြေအနေမှာ ယခင်အတိုင်း ပြန်လည်တည်ငြိမ်လျက်ရှိပါကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနက အစောပိုင်းတွင် ပြောကြားခဲ့သည်။

ဂျုံနှင့်ပတ်သက်၍ စိုက်ပျိုးရေးဈေးကွက်လေ့လာရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Dmitry Rylko မှ ၂၀၂၂ ခုနှစ်၊ ဧပြီလကတည်းက ကျဆင်းလာခဲ့သည့် ဂျုံလက်ကားဈေးသည် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လမှ စတင်မြင့်တက်ခဲ့ပါကြောင်း၊ စက်တင်ဘာလတွင် ဂျုံလက်ကားဈေးသည် ပို၍တိုးလာနိုင်ကြောင်း Kommersant သတင်းဌာနသို့ ပြောကြားခဲ့သည်။ အဆိုပါကိစ္စသည် ကုန်ပစ္စည်းပြတ်လပ်မှုနှင့် ပတ်သက်၍ မဟုတ်ဘဲ ဈေးနှုန်းများ မြင့်တက်လာနိုင်ခြင်းသာ ဖြစ်ပါသည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံအတွင်း ဆန်နှင့် ဂျုံများကို ၂၀၂၂ ခုနှစ်ထက် ပိုမို၍ထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သဖြင့် ဂျုံထုတ်လုပ်မှုသည် ပြီးခဲ့တဲ့နှစ်ထက် တန်ချိန် ၁.၂၂ သန်း ပိုများလာနိုင်သည်။ သတင်းအချက်အလက်များအရ ရုရှားတွင် တစ်နှစ်လျှင် ဂျုံတန်ချိန် ၄၀၀,၀၀၀ ခန့် စားသုံးကြသည်။ ထို့ကြောင့် စားနပ်ရိက္ခာဖူလုံရေးအတွက်သာမက ပြန်လည် ပြုပြင်ထုတ်လုပ်ခြင်းလုပ်

Agribusiness & Trade

ငန်းများအတွက် ကုန်ကြမ်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လုံလောက်စွာရှိနေပြီဖြစ်ကြောင်း ရုရှား စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆန်နှင့် ဂျုံတို့သည် လူမှုရေးအရ အရေးပါသော စားသောက်ကုန်များဖြစ်ပြီး ရုရှားအစိုးရမှ စားနပ်ရိက္ခာဖူလုံရေးအတွက် ထုတ်ပြန်သည့်ကန့်သတ်ချက်များသည် နိုင်ငံအတွင်း စားနပ်ရိက္ခာပြတ်လပ်မှု၊ ပြန်လည်ပြုပြင် ထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် ကုန်ကြမ်းလိုအပ်ချက်ဖြစ်စေမှု စသည့်ပြဿနာများကို ဖြေရှင်းပေးနိုင်ရုံသာမက စားသုံးသူပြည်သူလူထုအတွက်ပါ ကုန်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ ထို့ကြောင့် လက်ရှိတွင် ရုရှား၌ ဆန်နှင့်ဂျုံ ပြတ်လပ်မှု ဖြစ်နိုင်သည့် သတင်းအချက်အလက်များ မတွေ့ရှိရဘဲ ယခုနှစ်တွင် ကောက်ပဲသီးနှံများ ရိတ်သိမ်းမှုသည် နိုင်ငံအတွင်း ပြည်တွင်းစားသုံးမှု အပြည့်အဝဖြည့်ဆည်း ပေးနိုင်သောအဆင့်သို့ ရောက်ရှိမည်ဟု သုံးသပ်ရပါသည်။

Source : [https://tass.ru/ekonomika/18420031](https://tass.ru/ekonomika/18420031)

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

.................................................................................

## ဆဋ္ဌမအကြိမ် တရုတ်နိုင်ငံတကာသွင်းကုန် ကုန်စည်ပြပွဲသည် ပါဝင်ပြသသူများအတွက် စံချိန်တင်နိုင်ရန် မျှော်လင့်ထား

ဆဋ္ဌမအကြိမ်မြောက် တရုတ်နိုင်ငံတကာသွင်းကုန်ကုန်စည်ပြပွဲ (China International Import Expo–CIIE)ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၅)ရက်နေ့မှ (၁၀)ရက်နေ့အထိ ရှန်ဟိုင်းမြို့၌ ကျင်းပမည်ဖြစ်ရာ ၂၇-၇-၂၀၂၃ ရက်နေ့မှ စတင်ရေတွက်ပါက ပြပွဲကျင်းပရန် ရက်ပေါင်း (၁၀၀) သာ လိုတော့ကြောင်း၊ ယခုနှစ်ပြပွဲသို့ ပါဝင်ပြသရန် ကုမ္ပဏီများနှင့် ထိပ်တန်းစက်မှုလုပ်ငန်းပေါင်း (၅၀၀)ကျော်သည် စာရင်းပေးသွင်းထားပြီးဖြစ်သည်ဟု ပွဲစီစဉ်သူများက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် ၂၆-၇-၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့သည့် လက်မှတ်ရေးထိုးပွဲအခမ်းအနားတစ်ခုတွင် ကုမ္ပဏီ (၄၀) သည် ၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် သတ္တမအကြိမ်မြောက်ပြပွဲသို့ တက်ရောက်ရန် သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ ဇွန်လတွင် ကျင်းပခဲ့သည့် အော့ဖ်လိုင်းပွဲတစ်ခုအတွင်း၌လည်း L'Oreal နှင့် BSH Home Appliances အပါအဝင် ကုမ္ပဏီပေါင်း (၂၅)ခုသည် လာမည့်နှစ် CIIE ပြပွဲအတွက် လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရှိရပါသည်။

BMW နှင့် Mercedes-Benz အပါအဝင် ကမ္ဘာ့ထိပ်တန်း မော်တော်ယာဉ်ထုတ်လုပ်သည့် ကုမ္ပဏီ (၁၅)ခု၊ Medtronic နှင့် Siemens Healthineers ကဲ့သို့သော အကြီးဆုံး ဆေးဘက်ဆိုင်ရာပစ္စည်းကုမ္ပဏီ (၁၀)ခုနှင့် BHP အပါအဝင် ထိပ်တန်းသတ္တုတူးဖော်ရေးကုမ္ပဏီကြီး (၃)ခုတို့သည် ယခုနှစ်ပြပွဲသို့ တက်ရောက်မည်ဖြစ်ကြောင်း CIIE ဗျူရို၏ လက်ထောက်ဒါရိုက်တာ Sun Chenghai က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ထို့အပြင် နည်းပညာအသစ်များဖြင့် ဈေးကွက်ရှယ်ယာများ ရရှိထားသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (၅၀၀)သည်လည်း ယခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် CIIE တွင် ပါဝင်ပြသမည်ဟု Sun မှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ကမ္ဘာတစ်ဝှမ်းရှိ စက်မှုဖွံ့ဖြိုးတိုးတက်မှု၏ နောက်ဆုံးပေါ်ခေတ်ရေစီးကြောင်းနှင့် ၎င်းတို့၏ ရလဒ်များကို ပြသပေးခြင်းဖြင့် CIIE သည် တရုတ်နိုင်ငံ၏ စက်မှုကဏ္ဍအဆင့်မြှင့်တင်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ CIIE ဗျူရို၏ အဆိုအရ ပြပွဲဧရိယာ၏ စတုရန်းမီတာ (၃၆၀,၀၀၀)ကျော်သည် ကြိုတင်စာရင်းသွင်းသူများနှင့် ပြည့်နေပြီဖြစ်ကြောင်း သိရှိရပါသည်။

ဝိုင်၊ အဖျော်ယမကာ၊ ပင်လယ်စာ၊ ဖက်ရှင်၊ အာဟာရဖြည့်စွက်စာနှင့် ထောက်ပံ့ပို့ဆောင်ရေးစသည့် စားသောက်ကုန်ဆိုင်ရာကဏ္ဍများအတွက် ပြပွဲဧရိယာသည် ယခုနှစ်တွင် (၃၀) ရာခိုင်နှုန်း တိုးလာမည်ဖြစ်ကြောင်းနှင့် အသားနှင့် ပင်လယ်စာ ထုတ်လုပ်သူများ ပြသမည့် ဧရိယာသည် ယခင်နှစ်ထက် (၈၀)ရာခိုင်နှုန်း တိုးလာမည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြပွဲသို့ ခြောက်နှစ်ဆက်တိုက် တက်ရောက်မည့် ကုမ္ပဏီ (၂၀၀) ခန့်ရှိပြီး ပြင်သစ်တဆေးနှင့် အချဉ်ဖောက်ခြင်း ထုတ်ကုန်ရောင်းချသည့် Lesaffre Group သည်လည်း အဆိုပါကုမ္ပဏီများ အနက်မှ တစ်ခုဖြစ်ကြောင်းသိရှိရပါသည်။

ထို့အပြင် ၎င်း၏ပျားရည်ထုတ်ကုန်များကြောင့် လူသိများသော နယူးဇီလန် ကျန်းမာရေးဖြည့်စွက်စာကုမ္ပဏီ Comvita သည် ယခုနှစ် CIIE ကို တတိယအကြိမ်မြောက် ပါဝင်ပြသမည် ဖြစ်ကြောင်း၊ ကုမ္ပဏီ၏ တရုတ်နိုင်ငံဆိုင်ရာအထွေထွေမန်နေဂျာ Zheng Yan ၏ ပြောကြားချက်အရ Comvita သည် တရုတ်နိုင်ငံတွင် မျိုးဆက်သစ်လူငယ်များနှင့် မြို့ငယ်များရှိ စားသုံးသူများကို ပစ်မှတ်ထား၍ ထုတ်ကုန်များ ပိုမိုထုတ်လုပ်ဖြန့်ချီသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့သည် ယခုနှစ်ပြပွဲကို ပိုမိုကောင်းမွန်စေရန် လုပ်ငန်းစဉ်အသစ်တစ်ခုကို မိတ်ဆက်ပေးခဲ့ကြောင်း၊ တိရိစ္ဆာန်နှင့် အပင်ထွက်ပစ္စည်းများနှင့် သက်ဆိုင်ရာ ကူးစက်ရောဂါမရှိသောနိုင်ငံနှင့် ဒေသများမှ စားသောက်ကုန်များကို အထူးခွင့်ပြုချက်ရရှိပါက ပြပွဲသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်ကုန်စည်ပြပွဲ (၅)

Agribusiness & Trade

ကြိမ်တွင် ပြပွဲလုပ်ငန်းစဉ်များကို လွယ်ကူချောမွေ့စေရန် အကောက်ခွန်ရှင်းလင်းရေးနှင့် ဈေးကွက်ဝင်ရောက်ရေးဆိုင်ရာလုပ်ငန်းစဉ် (၁၉)ခုကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ် CIIE ပြပွဲတွင် စားသောက်ကုန်နှင့် ရေထွက်ပစ္စည်းများအတွက် ပြပွဲဧရိယာကို ယခင်နှစ်ထက်တိုးမြင့်ထားရာ ပြပွဲသို့ မြန်မာနိုင်ငံမှ တန်ဖိုးမြင့်စားသောက်ကုန်နှင့် ရေထွက်ပစ္စည်းများ စုံစုံလင်လင်ပါဝင်ပြသခြင်းဖြင့် တရုတ်အစားအသောက်ဈေးကွက်သို့ ပိုမိုဝင်ရောက်နိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း သုံးသပ်ရပါသည်။

Source: www.chinadaily.com.cn/a/202307/28/WS64c2f67da31035260b818eda.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

……………………………………………………………………………………

## တရုတ်နိုင်ငံသည် အသေးစားနှင့် အငယ်စားစီးပွားရေးလုပ်ငန်းများအား ချေးငွေအထောက်အပံ့ပေးခြင်းနှင့် အခွန်လျှော့ချပေးခြင်းတို့ကို ထပ်မံသက်တမ်းတိုး

တရုတ်နိုင်ငံသည် အသေးစားနှင့် အငယ်စားစီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် ချေးငွေထောက်ပံ့ပေးခြင်းနှင့် အခွန်လျှော့ချပေးခြင်း အပါအဝင် သက်သာခွင့်ဆိုင်ရာအစီအမံများကို ထပ်မံသက်တမ်းတိုးပေးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။

လစဉ်ရောင်းရငွေ ယွမ် (၁၀၀,၀၀၀) (အမေရိကန်ဒေါ်လာ ၁၄,၀၀၀ ခန့်) ထက်မပိုသော အခွန်ထမ်းသူများသည် တန်ဖိုးဖြည့်ခွန် ကင်းလွတ်ခွင့် ဆက်လက်ရရှိမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နိုင်ငံတော်အခွန်အာဏာပိုင်အဖွဲ့တို့မှ ပူးပေါင်းထုတ်ပြန်သော ထုတ်ပြန်ချက်များအရ သိရှိရပါသည်။

ထို့အပြင် လက်ရှိတွင် တန်ဖိုးဖြည့်ခွန် (၁)ရာခိုင်နှုန်း(ယခင် ၃ ရာခိုင်နှုန်းမှ လျှော့ချပေးထားသည့်)သာ ပေးဆောင်ရသည့် အသေးစားနှင့် အငယ်စားစီးပွားရေးလုပ်ငန်းများနှင့် မိသားစုပိုင်စီးပွားရေး လုပ်ငန်းများအတွက် အခွန်သက်သာခွင့်မှုဝါဒသည်လည်း ဆက်လက်အသက်ဝင်နေမည်ဖြစ်ကြောင်း သိရှိရပါသည်။

အခြားဘဏ္ဍာရေးဆိုင်ရာ အထောက်အပံများကိုလည်း ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ငွေချေးသူများအနေဖြင့် အဆိုပါလုပ်ငန်းငယ်များနှင့်ဆက်စပ်သည့် ချေးငွေမှရရှိသည့် အတိုးနှင့် အာမခံကြေးတို့မှ ရရှိသောဝင်ငွေအတွက် တန်ဖိုးဖြည့်ခွန်မှ ကင်းလွတ်မည်ဖြစ်ကြောင်းနှင့် ၎င်းတို့၏ ငွေချေးစာချုပ်များသည်လည်း တံဆိပ်ခေါင်းခွန် ကင်းလွတ်ခွင့် ဆက်လက်ရရှိမည်ဖြစ်ကြောင်း သိရှိရပါသည်။

Agribusiness & Trade

အဆိုပါမူဝါဒများအားလုံးသည် ၂၀၂၇ ခုနှစ်ကုန်အထိ အကျိုးသက်ရောက်မည်ဖြစ်သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရှိရပါသည်။

Source: https://english.news.cn/20230802/3c9bb22e3c0b446b8f09544355cfbb02/c.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

.......................................................................................................................

## အိန္ဒိယ ဗဟိုဘဏ် (Reserve Bank of India) သည် ရုရှားဘဏ်များ၏ အကောင့်ဖွင့်လှစ်ရန် လျှောက်လွှာ ၃၄ ခုကို ခွင့်ပြုခဲ့

2023 ခုနှစ် ဇူလိုင်လ 2 ရက်နေ့အထိ အချက်အလက်များအရ အိန္ဒိယဗဟိုဘဏ် (Reserve Bank of India – RBI)သည် ရုရှားဘဏ်များမှ အိန္ဒိယကုန်သွယ်ရေးလုပ်ငန်းဝယ်ရေးဘဏ် 14 ခုတွင် အထူး Rupee Vostro အကောင့်ဖွင့်ရန်အတွက် လျှောက်လွှာ ၃၄ ခုကို ခွင့်ပြုပေးခဲ့ပါကြောင်း၊ ထို့အပြင် ကုန်သွယ်မှုဆိုင်ရာပြဿနာများကို ဖြေရှင်းရန်အတွက် ကုန်သည်များ၊ ဘဏ်များနှင့် အခြားသောသက်ဆိုင်သူများနှင့် တွေ့ဆုံမှုများစွာ ပြုလုပ်လျက်ရှိသည်ဟု အိန္ဒိယအစိုးရက လွှတ်တော်သို့ ပြောကြားချက်များအရ သိရှိရကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ကုန်သွယ်ရေးလုပ်ငန်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Anupriya Patel က လွှတ်တော်သို့ စာရေးသားဖြေကြားချက်များတွင် သင်္ဘောနှင့် ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီများသည် ရုရှားနိုင်ငံမှကုန်ပစ္စည်းများကို ဝန်ဆောင်မှုမပေးခြင်း၊ ဘဏ်များအကြားဆက်သွယ်သည့်စနစ် SWIFT နှင့် ချိတ်ဆက်မှုပြတ်တောက်ခြင်း၊ အာမခံနှင့် ပြန်လည်အာမခံအကျုံးဝင်မှုဆိုင်ရာ ပြဿနာများအပါအဝင် ရုရှားဘဏ်ကြီးများအပေါ် ပိတ်ဆို့အရေးယူမှုများကြောင့် အိန္ဒိယနှင့် ရုရှားကုန်သွယ်မှုအပေါ် ထိခိုက်စေခဲ့ပါကြောင်းနှင့် အိန္ဒိယအစိုးရသည် နိုင်ငံသုံးငွေကြေးဖြင့် ငွေပေးချေမှု၊ နိုင်ငံတကာ တောင်မြောက်သယ်ယူပို့ဆောင်ရေးစင်္ကြံ (International North South Transport Corridor) နှင့် အရှေ့ပိုင်းပင်လယ်ရေကြောင်းစင်္ကြံ (Easten Maritine Corridor – Chennai–Vladivostok) အပါအဝင် ရုရှားနိုင်ငံသို့ ပို့ကုန်များတိုးမြှင့် တင်ပို့နိုင်ရန်ခြေလှမ်းများစွာကို လုပ်ဆောင်ခဲ့သည်ဟု ပါရှိကြောင်းလည်း The Economic Times သတင်း စာတွင် ဖော်ပြထားချက်များအရ သိရှိရပါသည်။

Source : RBI nod to 34 applications from Russian Banks to open accounts : Govt to Parl.

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

.......................................................................................................................

Agribusiness & Trade